အသင်တို့ ဆွလာသ်ဆောက်တည်သည့်အခါ ဆွဖ်အတန်းများကို ညီညာစွာ စီတန်းကြပါ။ ထို့နောက် အသင်တို့အနက်မှတစ်ဦးအား သင်တို့အတွက် အိမာမ်ရှေ့ဆောင်အဖြစ် သတ်မှတ်ပါ။ ၎င်းက ‘သက္ကဗီရ် ’ဆိုလျှင် အသင်တို့လည်း ‘သက္ကဗီရ် ’ဆိုကြပါ။

ဟိသ်သွာန်ဗင်န် အဗ္ဗဒုလ္လာဟ် အလ်ရကာရှီးက ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည် အဗူမူစာအရှ်အရီ (ရသွိယလ္လာဟုအန်ဟု)နှင့်အတူ ဆွလာသ်ဆောက်တည်ခဲ့သည်။ ၎င်းက (သရှဟ်ဟုဒ်ဖတ်ရန်) ထိုင်သည့်အခါ (ဆွလာသ်ဆောက်တည်နေသည့်) လူတို့အနက်မှတစ်ဦးက ဆွလာသ်သည် ကောင်းမှုဖြင့်လည်းကောင်း၊ ဇကာသ်ဖြင့်လည်းကောင်းတွဲ၍ အမိန့်ပေးခြင်းခံရသည် ဟုဆိုလိုက်သည်။ ဆင့်ပြန်သူက ပြောပြသည်မှာ အဗူမူစာအရှ်အရီ(ရသွိယလ္လာဟုအန်ဟု)သည် စလာမ် လှည့်၍ ဆွလာသ်ကို အဆုံးသတ်ပြီးသည့်အခါ နောက်သို့လှည့်၍ အသင်တို့အနက် ဒီလို ဒီလိုစကားလုံးမျိုး မည်သူပြောကြားပါသနည်းဟု မေးမြန်းခဲ့သည်။ လူတို့သည် တိတ်ဆိတ်စွာပင် ရှိနေခဲ့ကြသည်။ ထို့နောက် ၎င်းက အသင်တို့အနက် ဒီလို ဒီလိုစကားလုံးမျိုး မည်သူပြောကြားပါသနည်းဟု ထပ်၍ မေးမြန်းခဲ့သည်။ လူတို့သည် တိတ်ဆိတ်စွာပင် ရှိနေခဲ့ကြသည်။ ထို့ကြောင့် ၎င်းက အို - ဟိသ်သွာန် ထိုစကားကို သင်ပြောလိုက်တာ ဖြစ်နိုင်တယ်ဟု ပြောကြားခဲ့သည်။ ဟိသ်သွာန်က ထိုစကားကို ကျွန်တော်မပြောခဲ့ပါ။ ထိုစကားကြောင့် သင်ကျွန်တော့်အား အပြစ်တင်မည်ကို စိုးရိမ်မိပါသည်ဟု ဖြေကြားခဲ့သည်။ ထိုအခါ လူတို့အနက်မှတစ်ဦးက ထိုစကားကိုကျွန်တော်ပြောခဲ့ပါသည်။ ကျွန်တော်သည် အကောင်းကိုသာ ရည်ရွယ်ခဲ့ပါသည်ဟု ပြောကြားခဲ့သည်။ ထိုအခါ အဗူမူစာ (ရသွိယလ္လာဟုအန်ဟု)က ပြောကြားသည်မှာ အသင်တို့၏ဆွလာသ်ထဲတွင် မည်သို့ရွတ်ဆိုရမည် သင်တို့မသိကြလေသလော။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ကျွန်ုပ်တို့အား ‘ခွသ်ဗဟ်’ တရားဟောကြားတော်မူကာ ကျွန်ုပ်တို့ (လိုက်နာရမည့်) စွန္နဟ်တော်များကို ရှင်းပြတော်မူပြီး ကျွန်ုပ်တို့၏ဆွလာသ်နှင့်ပတ်သက်၍ သင်ကြားပေးတော်မူခဲ့သည်။ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ - အသင်တို့ ဆွလာသ်ဆောက်တည်သည့်အခါ ဆွဖ်အတန်းများကို ညီညာစွာ စီတန်းကြပါ။ ထို့နောက် အသင်တို့အနက်မှတစ်ဦးအား သင်တို့အတွက် အိမာမ်ရှေ့ဆောင်အဖြစ် သတ်မှတ်ပါ။ ၎င်းက ‘သက္ကဗီရ် ’ဆိုလျှင် အသင်တို့လည်း ‘သက္ကဗီရ် ’ဆိုကြပါ။ ၎င်းက (غَيْرِ الْمَغْضُوبِ عَلَيْهِمْ وَلَا الضَّالِّينَ) (စူရဟ် ဖာသိဟဟ် :၇)ကို ရွတ်ဆိုသည့်အခါ အသင်တို့ အာမီးန် ဆိုကြပါ။ အသင်တို့ (၏တောင်းဆု)ကို အလ္လာဟ်အရှင်မြတ် လက်ခံတော်မူမည်။ ၎င်းက သက္ကဗီရ်ဆိုပြီး ဦးညွှတ်သည့်အခါ အသင်တို့လည်း သက္ကဗီရ်ဆိုပြီး ဦးညွှတ်ကြပါ။ ဧကန်အမှန်ပင် အိမာမ်ရှေ့ဆောင်သည် အသင်တို့အလျှင် ဦးညွှတ်ရမည်ဖြစ်ပြီး အသင်တို့ထက်အလျှင် ပြန်ထရမည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ (ဦးညွှတ်ရာတွင် အိမာမ်နှင့် နောက်လိုက်တို့၏)ကြာမြင့်ချိန် နှစ်ခုသည် အတူတူပင်ဖြစ်သည်။ အိမာမ်က ‘စမိအလ္လာဟု လိမန်ဟမိဒဟ်’ (ချီးမွမ်းထောမနာပြုသူ၏ ချီးမွမ်းခြင်းကို အရှင်မြတ်လက်ခံတော်မူပါ)ဟု ဆိုလျှင် အသင်တို့က ‘အလ္လာဟွမ္မ ရဗ္ဗနာလကလ်ဟမ်ဒ်’(အို

[صحيح] [رواه مسلم]

غَيْرِ ٱلْمَغْضُوبِ عَلَيْهِمْ وَلَا ٱلضَّآلِّينَ

အပေါ်သို့လည်းကောင်း၊ အရှင်မြတ်၏ ဝတ္တရားများနှင့် အရှင့်ကျေးကျွန်များ၏ဝတ္တရားများကို ထမ်းဆောင်ကြသော အလ္လာဟ်အရှင်မြတ်၏ကျွန် သူတော်စင်၊ သူတော်ကောင်းများအပေါ်သို့လည်းကောင်း ငြိမ်းချမ်းသာယာမှုအပေါင်းကျရောက်စေရန် တောင်းခံကြသည်။ ‘အရှ်ဟဒုအန်လာအိလားဟအိလ်လလ္လာဟု ဝအရှ်ဟဒုအန်နမုဟမ္မဒန် အဗ်ဒုဟူဝရစူလုဟ်’ ထို့နောက်အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ထိုက်သောအရှင်မရှိကြောင်းနှင့်မုဟမ္မဒ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အရှင်မြတ်၏ အစေတော်နှင့်ရစူလ်တမန်တော်ဖြစ်ကြောင်းကို ကျွန်တော်မျိုးတို့သက်သေခံကြသည်။

http://www.sunnah.global/hadeeth/my/show/65097